Chin National Front
General Headquarters
CHINLAND

## (၁၁)နှစ်မြောက် ၈၈၈၈ အရေးတော်ပုံနှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့သည် ၈၈၈၈ ဆယ့်တစ်နှစ်မြောက် အထိမ်းအမှတ်နေ့အခါသမယပင်ဖြစ်သည်။ ဒီမိုကရေစီတောင်းဆိုမှုကို စစ်အာဏာရှင်များက ရက်ရက်စက်စက် ဖြိုခွဲခဲ့သည်မှာ (၁၁)နှစ်တင်းတင်းပြည့်ပြီဖြစ်သော်လည်း ယနေ့အထိတိုင် ဒီမိုကရေစီရေးလှုပ်ရှားမှုအား နှိမ်နင်းဆဲ၊ သတ်ဖြတ်ဖြိုခွဲဆဲဖြစ်သဖြင့် မနေ့တနေ့ကကဲ့သို့ပင် သစ်လွင်ဆဲဖြစ်သည်။

၂။ ယနေ့ထက်တိုင် စစ်အာဏာရှင်စနစ်ကြီးထွားရှင်သန်နေခြင်းသည် (၂၁)ရာစုသို့ပင် ဝင်ရောက်ကြမည့်ကမ္ဘာ့လူသားများအား အကြီးအကျယ်အရှက်တကွဲအကျိုးနည်းစေသည့်အပြင် ကမ္ဘာသူကမ္ဘာသားအားလုံးအား စစ်အာဏာရှင်များက စိန်ခေါ်နေခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်များ ရပ်တည် ရှင်သန် နေကြခြင်း သည် နိုင်ငံသားများအနေဖြင့် လူသားများတွင် ရှိသင့်ရှိထိုက်သည့် ကျင့်ဝတ်သိက္ခာ၊ အတွေးအခေါ် အယူအဆနှင့် ရဲစွမ်းသတ္တိမရှိခြင်းတို့ကို ဖော်ညွှန်းနေပေသည်။

၃။ စစ်အာဏာရှင်စနစ်ဆိုးဆိုတ်သုန်းပပျောက်ရေးအတွက် စစ်အာဏာရှင်များအား ကမ္ဘာ့နိုင်ငံအသီးသီးအ နေဖြင့် နိုင်ငံရေး၊ စီပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံမှ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု ဆထက်ထမ်းပိုးပြုလုပ်ရန် လိုအပ် သကဲ့သို့ အာဏာရှင်အုပ်စိုးသောနိုင်ငံများရှိ နိုင်ငံသားများအနေဖြင့် သတ္တိရှိရှိတော်လှန်တိုက်ပွဲဝင်ကြရန် အထူးလိုအပ်ပေသည်။

၄။ ချင်းအမျိုးသားတပ်ဦးသည် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရာတွင် အိမ်နီးနားချင်းနိုင်ငံများအပါအဝင်ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများနှင့် အတူလက်တွဲ၍ တိုက်ဖျက် ချေမှုန်းသွားရန် မူဝါဒချမှတ်ထားသည်နှင့်အညီ အိမ်နီးနားချင်း နိုင်ငံများ၊ ဒီမိုကရေစီနိုင်ငံများနှင့် ပြည်တွင်းပြည်ပ ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများအနေဖြင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးတွင် တပ်ဦးနှင့်အတူ ပူးပေါင်းပါဝင် တိုက်ခိုက်သွားကြ ပါရန် အထူးမေတ္တာရပ်ခံလိုသည်။

၅။ မြန်မာပြည်သူများအနေဖြင့် ခေါင်းငုံ့ခံ၊ ငြိမ်နေ၍ ဒီမိုကရေစီရရှိကြမည်မဟုတ်သကဲ့သို့ စစ်အာဏာရှင်များ လည်း ပြုတ်ကျလိမ့်မည် မဟုတ်ပေ။ မိမိတို့လိုလားသည့် ဒီမိုကရေစီရရှိရေးအတွက် နည်းအမျိုးမျိုးဖြင့် ညီညွတ်စွာ တိုက်ပွဲဝင်ကြမှသာ စစ်အာဏာရှင်ပြုတ်ကျ၍ ဒီမိုကရေစီထွန်းကားလာမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၎င်းတို့ဝိုင်းရံနေသော ဒီမိုကရေစီအင်အားစုများအပါအဝင် စစ်အာဏာရှင်ဖြုတ်ချရေးနှင့် ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်ကြသူများ ညီညီညွတ်ညွတ်လက်တွဲ၍ ဒီမိုကရေစီရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဒီမိုကရေစီရေးသည်တတိယ ဟူ၍ခံယူကာ အောင်ပွဲခံသည့်အထိ မားမားမတ်မတ် တိုက်ပွဲဝင်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ဗဟိုကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး**
၁၉၉၉ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့။